

# သမီးပတ်ဖို့
# နှင်းပွင့်တိုင်းပြည်၌
# မွေးကျောင်းထွက်ခြင်း

**မောင်သာချို**

**အသစ်စက်စက်**
**စာစုများ**

# ဆစ်ဖို့ မလွယ်ဘူး

## (တစ်)

မြန်မာတွေ ပြောလေ့ပြောထရှိတဲ့ ခြေထောက်မှာ ဗွေပါတယ်ဆိုတဲ့ စကားက ဖေဖေနဲ့များ သွားဆိုင်နေလေရော့သလား မပြောတတ်ပါဘူး သ မ ီးရ ယ ်။ ဖေဖေလေ..... ခရီးများလိုက်တာ။ အရှေ့အနောက်တောင်မြောက်ဝဲယာ။ တောင်ပေါ်တောင်အောက် မြစ်ကူးချောင်းဖျား။

ဖေဖေနဲ့အတူတူ ခရီးနှင်ဖူးတဲ့သူတွေကို ပြန်ကြည့်မိတဲ့အခါ အများဆုံးကတော့ စာရေးဆရာတွေပဲပေါ့။ ဆရာဦးအောင်သင်း၊ ဆရာချစ်ဦးညို၊ မဂျူး၊ မနုနုရည် (အင်းဝ)၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ကိုအော်ပီကျယ်၊ ကိုနေဝင်းမြင့်၊ မခင်ခင်ထူး၊ အင်း... အများကြီးပါပဲလေ။

သည်အထဲမှာ ဆရာချစ်ဦးညိုတို့၊ မောင်စိန်ဝင်း(ပုတီးကုန်း) တို့နဲ့ တွဲသွားဖြစ်ခဲ့တဲ့ ခရီးတွေကလည်း အကြိမ်ကြိမ်ပဲဆိုပါတော့။ အမှတ်ရစရာကလေးတွေကလည်း ဟိုအကွေ့မှာတစ်ခု၊ သည်အကွေ့မှာတစ်ခုပေါ့။

မောင်စိန်ဝင်း (ပုတီးကုန်း) နဲ့ ပတ်သတ်လို့ ဖေဖေစိတ်ထဲမှာ စွဲသွားမိတာကလေးတစ်ခုက“ **မဆစ်နဲ့** ”ဆိုတဲ့ စကားကလေးသမီးရဲ့။

ဟုတ်တယ် သူပြောဖူးတယ်...“**မဆစ်နဲ့**”လို့။

## (နှစ်)

ခရီးတစ်ခုတော့ ခရီးတစ်ခုပဲ သမီးရဲ့။ မကွေးဘက်လား၊ မုံရွာဘက်လား၊ ဒါမှမဟုတ် မတ္တရာဘက်လား.... ဖေဖေ ကောင်းကောင်းမမှတ်မိတော့ဘူး။

အဝေးပြေးကားကြီးနဲ့ သွားကြရာက တစ်နေရာမှာ ကားက တစ်ခဏ ထိုးရပ်လိုက်တဲ့အခါ ရေသန့်ဘူးရောင်းတဲ့ ကလေးမကလေးတစ်ယောက် ကားအနားကို ကပ်လာပါလေရောလို့ ဆိုပါတော့။ ရေခဲစိမ်ထားလို့ ထင်ပါရဲ့။ သူ့လက်ထဲက ရေသန့်ဘူး သုံးလေးဘူးဟာ ရေတွေသီးလို့။

ချစ်ချစ်တောက်အောင် ပူတဲ့ အညာနေရဲ့အောက်မှာ ရေသန့်ဘူး၊ ရေသန့်ဘူး...ဆိုတဲ့ အသံကလေးဟာ စာနေတာပဲ။ နဂိုမူလ ညိုတဲ့ အသားကလေးဟာ နေအရှိန်မှာ ခြောက်နွမ်းလို့ပေါ့။

ထုံးစံအတိုင်း ဆရာချစ်ဦးညိုက ရေသန့်ဘူးဝယ်ဖို့ ပြင်ဆင်ပါတယ်။ ဟဲ့ သမီးလေး ရေသန့်ဘူးဘယ်လောက်လဲ ဘာညာပေါ့၊ ကလေးမလေးက သုံးရာတဲ့။ သည်တုန်းက ရေသန့်ဗူး ဈေးက နှစ်ရာလောက်ပဲရှိတဲ့အချိန်။ သုံးရာဆိုတော့ နည်းနည်းကလေး များသလိုလိုတော့ ရှိနေတာပေါ့။ အဲသည့်မှာ ဆရာချစ်ဦးညိုက ဆစ်တော့တာပေါ့။ သမီးလေး များတယ်ဟဲ့တဲ့။ နှစ်ရာ့ငါးဆယ်ထားတဲ့။ သူကလည်း ဘာရယ်လို့ မဟုတ်ပါဘူး။ ဆစ်နေကျမို့လို့ပဲလား ကလေးမကလေးကို ကျီစားချင်လို့ပဲလား... တစ်ခုခုကြောင့် ဆစ်လိုက်ပုံရပါတယ်။ အဲသည့်အချိန်မှာ မောင်စိန်ဝင်း(ပုတီးကုန်း) ရဲ့ အသံ ထွက်လာတာပါ။

"ငချစ်… မဆစ်နဲ့ကွ"… တဲ့။

သူတို့အချင်းချင်း ချစ်စနိုး စကားဆိုတဲ့အခါ မောင်စိန်ဝင်း (ပုတီးကုန်း)ကို ငွစာတဲ့၊ ဆရာဦးချစ်ညိုကို ငချစ်တဲ့… အပြန်အလှန် ခေါ်နေကျမို့ ဖေဖေတို့ကတော့ နားယဉ်ပြီးသားပါ။ ထား. . . အဲဒါက အရေးမကြီးလှပါဘူး။ မဆစ်နဲ့ဆိုတာက အရေးကြီးတာပါ။ နင်လား ငါလား အနေအထားနဲ့ ဘဝကို ကျားကုတ်ကျားခဲ ရုန်းကန်နေတဲ့ ကလေးတွေကို ပိုက်ဆံကလေး ငါးဆယ် တစ်ရာ များသွားရုံနဲ့ မဆစ်နဲ့လို့ လှမ်းတားလိုက်တာက အရေးကြီးတာပါ။ သည်လိုသဘောထားမျိုးကို ဖေဖေ သိပ်ကြိုက်သွားတယ်။ ဆရာချစ်ဦးညိုလည်း သိပ်ကြိုက်သွားပုံရတယ်။ အေးပါကွာ… အေးပါကွာ… လို့ ဆိုပြီး ကလေးမလေးပြောတဲ့ နှုန်းအတိုင်း ရေသုံးလေးဘူး ပေးဝယ်လိုက်တော့တာပါ။

## (သုံး)

အရပ်ထဲမှာ တစ်ပုလင်း ၁၅၀၀ ထက် မပိုတဲ့ ဘီယာပုလင်းကို လေဆိပ်ထဲက ပြည်ပထွက်ခွာ အခန်းထဲမှာ ၅၀၀၀ ပေးပြီး သောက်ခဲ့ရဖူးပါတယ်။ အရပ်ထဲမှာ ၆၀၀ လောက်ပဲတန်တဲ့ ဘီယာဘူးကို လေယာဉ်ပေါ်မှာ ၁၅၀၀ ပေးပြီး သောက်ခဲ့ရဖူးပါတယ်။ ရေနွေးကြမ်းတစ်ခွက် ၅၀၀ ဆိုတာကိုလည်း ဖေဖေတို့ သောက်ခဲ့ကြရတာပဲ မဟုတ်လား။

သူ့နေရာ သူ့ဒေသအလိုက် အဟန့်နဲ့ အခန့်နဲ့ တောင်းဆိုတဲ့နှုန်းတွေကိုတောင် ဖေဖေတို့ ဆစ်ခွင့်မရဘဲ စားသုံးခဲ့ကြတဲ့ဥစ္စာ… ဘာဖြစ်လို့ မိုးထဲ လေထဲက ရုန်းရုန်းကန်ကန် ဘဝတွေကို ဘာကြောင့်များ တိတိကျကျကြီး ဆစ်နေတော့မှာလဲ။

ဖေဖေ့ အသိတစ်ယောက် ဂျာနယ်ဝယ်ပုံကလေးကလည်း စိတ်ဝင်စားဖို့ကောင်းပါရဲ့။ မီးပွိုင့်မိလို့ ဂျာနယ်သမားလေးတွေ ရောက်လာတဲ့အခါ ဝယ်တော့တာပါပဲ။ ၇၀၀ တဲ့။ ရပ်ကွက်ထဲမှာ ၆၀၀ သမီးရဲ့။ သူက ကိုယ်လည်း ဆင်းရဲနေတာမှ မဟုတ်တာဗျာ…တဲ့။ ကားလမ်းပေါ်မှာ ရပ်နေရရှာတာက ၁၀၀ မက တန်ပါတယ်တဲ့။ တမင်တကာ အားပေးတာပါတဲ့။ ရပ်တည်မှုကလေးနည်းနည်း အသက်ရှူချောင်ပါစေပေါ့။

တစ်ခါက ပြောင်းဖူးပြုတ်ရောင်းတဲ့ မိန်းမရွယ်ကလေးတစ်ဦး ဖေဖေတို့ အိမ်တံစက်မြိတ်မှာ ပြောင်းဖူးပြုတ်တောင်းကိုချတော့ တိုတိုကလေးညှပ်ထားတဲ့ သူ့ဆံပင်ကလေးတွေကို ကြည့်ပြီး မေးမိတယ်။ ဆံပင်တွေညှပ်ထားတာလားပေါ့။ သူက ပြောင်းဖူးပြုတ်တောင်းက ပူလို့တဲ့။ ဆံပင်တွေ ကျွတ်လွန်းလို့ ညှပ်ထားတာတဲ့။ အဝတ်စကိုဖယ်တဲ့အခါ ပြောင်းဖူးပြုတ်တွေဆီကနေ အငွေ့ကလေးတွေ ထွက်လာတော့ ဖေဖေ့ရင်ထဲမှာ နာလိုက်တာ။ ဘယ်တော့မှ မဆစ်ချင်ဘူး။ မဆစ်ရက်ဘူး။

## (လေး)

ဘဝတစ်ဝမ်းတစ်ခါးကို ခြေကုန်လက်ပန်းကျမတတ် ကူးခတ်နေရတဲ့ သူတွေရှိပါတယ်။ သူတို့ကို ဘယ်တော့မှ ဖေဖေ မဆစ်ချင်တော့ဘူး။ ပိုသွားပါစေ သမီးရယ်။ သာသွားပါစေ။

ကားအရောင်းအဝယ်ကျတော့ ဆစ်ချင်ဆစ်ပေါ့။ အိမ်အရောင်းအဝယ်ကျတော့ ဆစ်ချင်ဆစ်ပေါ့။ လက်ဝတ်လက်စား အရောင်းအဝယ်ကျတော့ ဆစ်ချင်ဆစ်ပေါ့။

ဈေးကို ဆစ်ဖို့ရာ ခက်လွန်းပါတယ် ။

*

# တစ်ခန်းအရပ်မှာ အလွမ်းဓာတ် နည်းနည်း ပါပါစေ

## (တစ်)

**သမီးရေ....**

အခုတစ်ခေါက် အပြောင်းအရွှေ့ရာသီကတော့ ဖေဖေ အခုရောက်နေတဲ့ တက္ကသိုလ်ကျောင်းကလေးထဲမှာ တော်တော့်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားလောက်အောင်ကို အဝင်အထွက် အပြောင်းအရွှေ့များလွန်းသွားတဲ့ ရာသီပါပဲ သမီးရယ်။ ဟုတ်တယ်။ လူ ၅၀ စွန်းစွန်းလောက်ကိုပဲ ပြောင်းကြရ၊ ရွှေ့ကြရနဲ့။ ရာထူးတူနဲ့ ဝင်တာထွက်တာရော၊ ရာထူးတိုးနဲ့ ပြောင်းတာ ရွှေ့တာတွေရော ပွက်ပွက်ကိုညံလို့။ မော်လမြိုင်တက္ကသိုလ်တဲ့၊ ပခုက္ကူတက္ကသိုလ်တဲ့၊ ကျိုင်းတုံတက္ကသိုလ်တဲ့၊ ရတနာပုံတက္ကသိုလ်တဲ့၊ စစ်တွေတက္ကသိုလ်တဲ့... စုံနေတာပဲ သမီးရယ်။ အဲသည်အထဲမှာ ဆရာ၊ ဆရာမ အများစုကတော့ ရန်ကုန်မြို့ပေါ်က တက္ကသိုလ်တစ်ခုခုကိုပဲပေ့ါ။ မသွားမချင်း ဖေဖေတို့ တက္ကသိုလ်ဝင်းကလေးထဲမှာ နှုတ်ဆက်ပွဲတွေ လုပ်လိုက်ကြ။ ဂုဏ်ပြုပွဲတွေ လုပ်လိုက်ကြ၊ စုဝေးချက်ပြုတ်စားသောက်ပွဲတွေ လုပ်လိုက်ကြနဲ့ လှိုင်းဂယက်တွေဟာ တော်တော်နဲ့ အရှိန်မသေနိုင်ဘူး ဆိုပါတော့လေ။

သည်လိုနဲ့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းက စလို့ အစုလိုက်

အဝေးလိုက်တွေပါ ပြောင်းပြောင်းသွားလိုက်ကြတာ... နောက်ဆုံး အုပ်စုကြီးလည်း ထွက်ခွာသွားရော ကျောင်းထဲမှာ လူဟောင်းတွေက ကုန်သလောက်နီးနီးကို ဖြစ်သွားပါလေရော။

## (နှစ်)

ဖေဖေက အဲသည်နောက်ဆုံး အစု ကျောင်းထဲက ထွက်ခွာသွားပုံကို သမီးကို ပြောပြဖို့ အခုရက်ထဲမှာ စိတ်ကူးပေါ်ပေါက်နေမိတာပါ။ လွမ်းစရာမကောင်းလိုက်တာ သမီးရယ်။ ဘယ်လိုမှလွမ်းဖို့မကောင်းနိုင်တဲ့ ခရီးတစ်ခုပါ။ ဖေဖေ အခုရောက်နေတဲ့မြို့က ရန်ကုန်ကနေ မိုင် ၁၀၀ ဝန်းကျင်လောက်အကွာ ဧရာဝတီကမ်းအစပ်က မြို့လေးသမီးရဲ့။ ကားနဲ့သွားရင် လေးနာရီလောက် သွားရတယ်။ ဒါကြောင့်မို့ ရန်ကုန်ကနေ ရောက်လာတဲ့ဆရာ၊ ဆရာမ အများစုဟာ မိသားစုကို ခေါ်မလာကြဘူးဆိုရင် ဘာပစ္စည်းမှ များများစားစား သယ်လာလေ့မရှိကြပါဘူး။ အိုးတစ်လုံး၊ ပန်းကန်တစ်ချပ်၊ သေတ္တာတစ်လုံး၊ အိပ်ရာတစ်လိပ်၊ ဒါပါပဲသမီးရယ်။ တချို့ကျတော့လည်း ရေခဲသေတ္တာတွေ၊ ရုပ်မြင်သံကြားတွေ၊ ဗွီစီဒီစက်တွေ၊ ကွန်ပျူတာတွေ၊ အိုးကြီးအိုးငယ်၊ သေတ္တာအကြီးအသေး၊ ဗီရိုအပု အရှည် တဆောင်တစ်ယောင် တခမ်းတနား ဆိုပါတော့။ အခု ရန်ကုန်ကို ပြောင်းရွှေ့မိန့်ကျလာတဲ့အခါ တချို့ကလည်း လိုင်းကားလေးများနဲ့၊ တချို့ ရန်ကုန်က လာကြိုတဲ့ကားနဲ့ တစ်ယောက်ပြီးတစ်ယောက် ဟသ်ာတမြို့၊ ဟသ်ာတတက္ကသိုလ်ကြီးကို စွန့်စွန့်ထွက်ခွာသွားလိုက်ကြတာ။ အဲသည်မှာ နောက်ဆုံးထွက်ခွာသူ အစုအဝေးကတော့ ပြောလို့မဆုံးနိုင်အောင်ပါပဲ။ အဲသည်အစုကို ဦးဆောင်ဆော်ကြသူ ဆရာမ သုံးလေးယောက်က ရာထူး

အတန်အသင့်ကြီးသူ ဆရာမတွေပဲ ဆိုပါတော့သမီးရယ်။ ဟွန်ဒိုင်း ကားကြီးတစ်စီးကို စီးလုံးငှားပြီး ကိုယ့်အစုနဲ့ကိုယ် လွတ်လွတ်လပ်လပ် သွားကြမယ်ပေါ့။ ဟသ်ာတ-ရန်ကုန် တစ်သိန်းခြောက်သောင်းအပြတ်။ လိုက်မယ့်ဆရာမတွေ မျှခံ။ ငွေကို တည်၊ လူနဲ့စားမယ့် ခရီးပဲဆိုပါတော့ သမီးရယ်။ ဆရာမတွေကြီးပဲ ရှစ်ယောက်၊ ကိုးယောက်လောက် ရှိမယ်ထင်တယ်။

## (သုံး)

အဲသည်နေ့မနက်က အဆောင်ရှေ့မှာ ထိုးရပ်ထားတဲ့ကားကြီးဟာ ပစ္စည်းတွေတင်ပြီးပေမယ့်လည်း တော်တော်နဲ့ မထွက်ဖြစ်ဘူးသမီးရဲ့။ မကျေမလည် ဖြစ်နေကြတာတဲ့။ သေတ္တာတစ်လုံး၊ လက်ဆွဲတစ်အိတ်သာပါတဲ့ ဆရာမတွေက သေတ္တာ အထပ်ထပ်၊ ဗီရို အစီအရီ၊ ရေခဲသေတ္တာ။ ရုပ်မြင်သံကြား၊ ခြင်းတွေ၊ တောင်းတွေ၊ ခွက်တွေ၊ ပလုံးတွေနဲ့ ဆရာမကြီးတွေကို မကျေနပ်တာတဲ့။ ကားခကို အညီအမျှခံဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာတွေရော၊ ရိုးရိုးလိုင်းကားနဲ့ပဲ သွားတော့မယ်ဆိုတာတွေရော… တစ်ခါ ကျန်တဲ့ဆရာမတွေကလည်း မျှခံဖို့ဆိုတဲ့ ကတိစကားကို မဖျက်ဖို့။ မကျေနပ်ရင် ပစ္စည်းထပ်တင်ဖို့၊ လူလျော့သွားရင် ကားခဖြည့်မပေးနိုင်ဘူးတဲ့။ ကားသမားကလည်း ဒါဆို ကားမထွက်နိုင်တော့ပါဘူးဆိုလား။ အံ့သြစရာကောင်းလိုက်တာ။ နေတော်တော်မြင့်လို့ ဖေဖေ စက်ဘီးကလေးနဲ့ အပြင်ကိုထွက်တဲ့အထိ ကားကြီးက ရပ်ထားတုန်း၊ ကားသမားတွေက ကုက္ကိုပင်ကြီးအောက်မှာ ခေါင်းချင်းဆိုင်တုန်း။ ဆရာမ ရှစ်ယောက်၊ ကိုးယောက်က ကိုယ့်အစုနဲ့ကိုယ် တွတ်ထိုးနေတုန်း။

ဖေဖေ ကျောင်းထဲကိုပြန်ရောက်တော့ ၁၁ နာရီတောင် ထိုးလုပြီ

သမီးရဲ့။ အနီးအနားက ဆရာမ သုံးလေးယောက်က ဖေဖေ့ကို သတင်းပေးတဲ့အနေနဲ့ ထွက်သွားတာ မကြာသေးဘူး ဆရာရေတဲ့။ မကျေမနပ် ကြားကပဲ ဖွတ်ညှိပြီး ထွက်သွားကြလေရဲ့တဲ့။

အင်း... ဟုတ်ပါရဲ့။

ကားမှ မရှိတော့တာ။ လမ်းခွဲမှာ ဝမ်းနည်းဖို့ မကောင်းလိုက်တာ။

လောကမှာ လွမ်းအောင် မလုပ်တတ်တဲ့သူတွေလည်း ရှိတတ်သားနော်။

သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်းနည်းတယ်၊ များတယ် ကြည့်မနေဘဲ ကျသင့်ငွေ ညီတူမျှခံပြီး သွားလိုက်ကြရင် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်များ လွမ်းစရာကောင်းနေလေမလဲနော်။

အခုတော့...

တစ်ယောက်ကိုတစ်ယောက် သတိရစရာ ဖြစ်နေကြပေမယ့် မကျေမနပ်စိတ်ကြီးနဲ့ သတိရနေရမယ့် အဖြစ်မျိုးကဖြင့် ခွဲရတာ မတန်လိုက်လေခြင်း သမီးရယ်။ ။

*